## ၁၀။ အကြေးပိုး

**Hemispherical scale : *Saissetia coffeae* (Walker, 1852)**

**Hemiptera: Coccoidea**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ငယ်များသည် ပြားချပ်ပြီး ဘဲဥပုံရှိကာ အဝါရောင်(သို့) ပန်းရောင်ဖြစ်သည်။ အကောင်ကြီးအမသည် စက်ဝိုင်းပုံရှိပြီး အတောင်ပံမပါရှိပါ။အညိုရောင်ဖြစ်ပြီး ကျော ဘက်တွင် အစက်များ ညီညာပျံ့နှံ့စွာပါရှိကာ ပင်စည်များနှင့် တခါတရံ အရွက်၏ အောက် မျက်နှာပြင်တွင် တွယ်နေသည်။ အကောင်ကြီးအထီးမှာ မသိရှိရသေးပါ။

**ဖျက်ဆီးပုံလက္ခဏာများ**





ပင်ရည်များကို စုပ်ယူစားသောက်သဖြင့် အပင်အားနည်းစေပြီး စေးကပ်သော ပျားရည် များအား မျက်နှာပြင်ပေါ်တွင် စစ်ထုတ်ပြီး ၄င်းပေါ်တွင် ကြပ်ခိုးမှိုများကိုပါဖြစ်ပေါ်စေသည်။ အရွက်များပေါ်တွင်ညစ်ပတ်တိုးရွားသွာကျရောက်ပြီးအရွက်များကြွေကျသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | –(၁ဝ–၂၁)ရက် |
| ပိုးမမည်အဆင့် | – (၃၈–၆ဝ)ရက် |
| အကောင်ကြီးအဆင့် | –(၆–၉)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အပင်ကြဲကြဲစိုက်ပျိုးပါ။

(၂)ပုံမှန်ကိုင်းခုတ်ခြင်း/ကိုင်းချိုင်ခြင်းများပြုလုပ်ပါ။

(၃) အရွက်များနှင့်ပင်စည်များပေါ်တွင် ကြပ်ခိုးမှို (သို့) စေးကပ်သော ပျားရည်များ ကောက်ယူဖယ်ရှားပါ။

(၄)ပုရွက်ဆိတ်များသည်မီလီဂျပိုးမှစွန့်ထုတ်သည့်ပျားရည်အားလာရောက်စားသုံးပြီးမိတ်ဆွေပိုးများလာရောက်ခြင်းကိုဟန်းတားစေသဖြင့်ပုရွက်ဆိတ်များအားဦးစွာနှိမ်နင်းပါ။

(၅) သီးနှံပင်၏ အရွက်များ (အထူးသဖြင့် အောက်ဘက်မျက်နှာပြင်၏ရွက်လယ်ကြော/ အကိုင်းများနှင့် အသီးများ)အပေါ်တွင် ဖျက်ပိုးများအားရှာဖွေစစ်ဆေးပြီး ဖယ်ရှားပါ။

(၆)ဖျက်ပိုး၏ ဥအုသောကာလသည် ကြာရှည်သဖြင့် ဓါတုနည်းဖြင့် ကာကွယ် နှိမ်နင်းခြင်းသည် ခက်ခဲသဖြင့် ဇီဝနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း သည်ပို၍သင့် တော် သည်။ပုရွက်ဆိတ် အစိမ်းများသည်အကြေးပိုးအားစားသောက်သဖြင့်ထိန်းသိမ်းပါ။

(၇)တမာပိုးသတ်ဆေး၊ဆပ်ပြာဖျော်ရည်၊ကြက်သွန်ဖြူဖျော်ရည်ပက်ဖျန်းပါ။

(၈)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)

- ကာဘာရိုင်း(Carbary)
- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)